**ကိုဗစ် ၁၉ အကြပ်အတည်းကာလအတွင်း ထိခိုက်နစ်နာမှု ကင်းစွာ ဆောင်ရွက်ရေး ဆောင်ရန် ရှောင်ရန် အချက်များ**

**RAFT** အဖွဲ့အစည်းမှ မြန်မာနိုင်ငံအတွင်း ရင်ဆိုင်နေရသော အကြပ်အတည်းများကို ဖြေရှင်း နိုင်ရန် မိမိတို့ လုပ်ငန်းများနှင့် တုံ့ပြန်ကူညီမှုများကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ နိုးကြားသိမြင်စေရေး၊ မလိုလားအပ်သော ထိခိုက်နစ်နာမှုများ သို့မဟုတ် တင်းမာမှုများ မဖြစ်ပွားစေရေးနှင့် တည်ငြိမ်အေးချမ်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး ဆောင်ရွက်မည့် ကိုယ်စားလှယ်အဖွဲ့များ၊ အလှူရှင်အဖွဲ့အစည်းများ၊ မူဝါဒချရေးဆွဲသူများနှင့် လူမှုအသိုက်အဝန်း အစုအဖွဲ့များအတွက် အောက်ပါလမ်းညွှန်ချက်များကို ရေးသားထုတ်ပြန်လိုက်သည်။

## ဆောင်ရန်အချက်များ

1. ပြည်သူများအကြား အချင်းချင်း လက်တွဲချိတ်ဆက်လာစေရန် သို့မဟုတ် လူမှုအသိုက်အဝန်းများအဖြစ် စုစည်း ဆောင်ရွက်လာနိုင်စေရန် လိုအပ်သော လှုပ်ရှားမှု သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိခိုက်နာကျင်စေနိုင်သည့် အခြေအနအရပ်ရပ်ကို ထည့်သွင်းစဉ်းစားကာ ပြင်ဆင် ဆောင်ရွက်ပါ။
2. လူမှုအသိုက်အဝန်းများနှင့် ပါဝင်သက်ဆိုင်သူများအကြား၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍနှင့် ဆက်စပ်၍ လက်ရှိ တည်ဆောက်ပြီးဖြစ်သော သို့မဟုတ် တည်ဆောက်ရန် လိုအပ်သော ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် လက်တွဲ ဆောင်ရွက်မှုများအပေါ် အခြေခံဆောင်ရွက်ရန် နိုးကြားသိမြင်နားလည်မှု ရှိပါစေ။
3. မိတ်ဖက် အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေဆောင်ရွက်ပါ သို့မဟုတ် အခြေအနေရှုပ်ထွေးမှုကို နိုးကြားသိမြင်ပြီး မရှိမဖြစ် လိုအပ်ချက်များကို အကျိုးရှိစွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် အဆိုပြုပါ။
4. မြန်မာနိုင်ငံအတွင်း အုပ်ချုပ်စီမံဆောင်ရွက်မှုပုံစံများနှင့် ဘာသာစကား စုံလင်ကွဲပြားမှုတို့၏ ရှုပ်ထွေးမှုကို နိုးကြားသိမြင်စွာ ဆောင်ရွက်ပါ။
5. ဒေသခံ လူမှုအသိုက်အဝန်းများအတွင်း ရောဂါကူးစက်နိုင်မှုကို ထိန်းချုပ်နိုင်မည့် အမှန်တကယ် အလားအလာရှိသော ဒေသအခြေအနေနှင့် ဆီလျော်ကာ ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များကို တိုက်တွန်းအားပေးပါ။
6. မိမိတို့၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် ဆက်သွယ်ဆက်ဆံမှုများ အားလုံးသည် လက်ရှိ ထိခိုက်နစ်နာလျက်ရှိသော၊ ဖယ်ကျဉ်ခံထားရသော၊ ထိခိုက်နစ်နာနိုင်ခြေ အရှိဆုံးသူများအပေါ် သက်ရောက်ဖြစ်ပွားစေနိုင်သော အခြေအနေအရပ်ရပ်ကို စစ်မှန်သော ကိုယ်ချင်းစာမှုနှင့် နားလည်မှုတို့အပေါ် အခြေခံဆောင်ရွက်နိုင်စေရန်အလို့ငှာ လူမှုအသိုက်အဝန်းများနှင့် ဆွေးနွေးသဘောထား ခံယူပါ။
7. အကြပ်အတည်းကာလအတွင်း အမျိုးသမီးများ၏ အသံ (သဘောထား) နှင့် ခေါင်းဆောင်မှုကို တိုးမြှင့်ပေးပါ။

8. အကြပ်အတည်းကာလအတွင်း သက်ရောက်ဖြစ်ပွားစေနိုင်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လက်တွဲဆောင်ရွက်ရေး အတွက် အခွင့်အလမ်းများကို အသိအမှတ်ပြု၊ အားပေးထောက်ပံ့မှု ပြုပါ။

## ရှောင်ရန်အချက်များ

1. လက်ရှိ တည်ရှိပြီးဖြစ်သော တင်းမာမှုနှင့် သံသယအရင်းအမြစ်များကို ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မည့် ပံ့ပိုးမှု လုပ်ငန်းများကြောင့် ပိုမိုဆိုးရွားစေမှု မရှိပါစေနှင့်။
2. လက်ရှိ တည်ရှိပြီးဖြစ်သော ကိုယ်ထူကိုယ်ထ အစုအဖွဲ့များ၊ လူမှုအသိုက်အဝန်း ခေါင်းဆောင်များ၊ အမျိုးသမီး အစုအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ သို့မဟုတ် အခြားသော လူမှုအသိုက်အဝန်းအဆင့် ကွန်ယက်များကဲ့သို့ အထောက်အကူပြု တည်ဆောက်ပုံများကို ထိခိုက်လျော့ပါးမှု မရှိပါစေနှင့်။
3. မိမိတို့ အသုံးပြုသော မီဒီယာ (ဆက်သွယ်ဆက်ဆံရေး နည်းကိရိယာများ)၊ သတင်းစကား အရေးအသားများနှင့် အမူအကျင့်များကြောင့် မလိုလားအပ်သော ဖယ်ကျဉ်မှု၊ ကဲ့ရဲ့အပြစ်တင်မှုများနှင့် အပျက်သဘောဆောင်သော ပုံသေကားချ တွေးခေါ်မှုများကို မဖြစ်ပွားပါစေနှင့်။
4. အကြပ်အတည်းများကြောင့် နိုင်ငံအတွင်း ကြီးမားသော ပြဿနာများနှင့် မမျှတမှု အခြေအနေများကို အာရုံမလွဲပါစေနှင့်။
5. ခံယူချက်သဘောထားအမြင်များအပေါ် စဉ်ဆက်မပြတ် နိုးကြားသိမြင်ရန်နှင့် နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ယာယီကန့်သတ်မှုများအပေါ် ဆက်လက် ဝေဖန်သုံးသပ်သွားရန် မမေ့ပါနှင့်။
6. လူမှုရေး ပြဿနာများ၊ ဝန်ထုတ်ဝန်ပိုးများ၊ အကြမ်းဖက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် အထောက်အပံ့များ၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးငယ်များ၊ မသန်စွမ်းနှင့် လိင်စိတ်ခံယူမှု ကွဲပြားသူ အစုအဖွဲ့များအပေါ် အထောက်အပံ့များကို လျှော့ချမှု မပြုပါနှင့်။

### RAFT အဖွဲ့အစည်း

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ပြည်တွင်းပြည်ပ လှုပ်ရှားဆောင်ရွက်သူ အဖွဲ့အစည်းများအကြား ၎င်းတို့၏ လုပ်ငန်းများမှ မလိုလားအပ်သော ပိုင်းခြားမှုများနှင့် တင်းမာမှုများတိုးပွားလာမှု မဖြစ်ပေါ်စေဘဲ ပူးပေါင်းပါဝင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် အပြုသဘောဆောင် ပြောင်းလဲမှုများကို ထိရောက်စွာ အားပေးထောက်ပံ့ပေးနိုင်စေရန်အတွက် လေ့လာသင်ယူနိုင်မှုနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။

**RAFT** အဖွဲ့အစည်း၏ လုပ်ငန်းများနှင့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများအကြောင်း ပိုမိုသိရှိလိုပါက ရခိုင်ဒေသအတွင်း စုံစမ်းမေးမြန်းချက်များကို ksimbulan@raftmyanmar.org သို့လည်းကောင်း အခြားသော နိုင်ငံတွင်း ဒေသများ အတွက် စုံစမ်းမေးမြန်းချက်များကို apadilla@raftmyanmar.org သို့လည်းကောင်း ဆက်သွယ်ပေးပို့ မေးမြန်းနိုင်ပါသည်။ သင်တို့၏ ကိုဗစ်-၁၉ တုံ့ပြန်ဖြေရှင်းမှုများကို ပဋိပက္ခ နိုးကြားသိမြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မေးခွန်းများ ရှိပါက အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။